myantrade

# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

COMMERCE

August 14, 2019 Volume 22, Number 9

**၁၄.၈.၂၀၁၉**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၅၀၀ /-US$ |
| မြန်မာ့ရွှေဈေး | = ၁၂၁၈၀၀၀/ကျပ် |
| ဒေါ်လာဈေး | = ၁၅၁၁/ကျပ် |
| CBM Rate | = ၁၅၁၂.၄/ကျပ် |
| ယူရို တစ်ယူရို | = ၁၆၉၀.၃ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၀၉၁.၁ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၈၂၅.၀ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၄၂၀.၈ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၀၂၃.၇ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၁၅.၅၃ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၁.၂၁၆ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၂၄.၆၆ ကျပ် |
| မလေးရှားရင်းဂစ် | = ၃၆၁.၂၆ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၉.၀၆၄ ကျပ် |

Source: CBM Rate, etrademyanmar.com

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.org
myantradetir2016@gmail.com

## ပြည်ပဝယ်လိုအားကောင်း၍ ချင်းပြည်နယ်တွင် ဝဥစိုက်ကေတိုးချဲ့

ချင်းပြည်နယ်အတွင်းရှိ ပြည်သူများ စားဝတ်နေရေး ပိုမိုအဆင်ပြေ တိုးတက်လာစေရန်ရည်ရွယ်၍ ပြည်နယ်အစိုးရက ကူညီပံ့ပိုးပေးလျက်ရှိရာ ပြည်ပ ဝယ်လိုအားရှိ ချင်းပြည်နယ်ထွက်ဝဥများ ယခုနှစ် ဈေးကောင်းရသဖြင့် မိုးရာသီ ဝဥစိုက်ပျိုးရာတွင် ချင်းပြည်နယ်၌ ဝဥကို တိုးချဲ့စိုက်ပျိုးလျက်ရှိကြောင်းသိရသည်။



ဝဥကို ချင်းပြည်နယ်တောင်ပိုင်းမှာ စီးပွားဖြစ်စိုက်ပျိုးမှုများတယ်။ ချင်းပြည်နယ် မြောက်ပိုင်းဒေသ ဖလမ်း၊ ဟားခါး၊ တီးတိန် ဒေသတွေမှာ ဝဥစိုက်ပျိုးမှုနည်းတယ်။ ဒါပေမဲ့ အခုနှစ်မှာတော့ ဝဥ ဈေးကောင်းပြီး အရောင်းသွက်တဲ့အတွက် သီးနှံ အမည်သစ်အဖြစ် တိုးချဲ့စိုက်ပျိုးသူတွေရှိသလို စီးပွားဖြစ်စိုက်ပျိုးသူတွေလည်း များလာတယ်ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူးဦးလျန်းကွပ်ဇထပ်က ပြောဆိုခဲ့သည်။

ချင်းပြည်နယ်စိုက်ပျိုးရေးဌာန၏ တရားဝင် ထုတ်ပြန်ကြေညာချက်များအရ ၂၀၁၈–၂၀၁၉ ဘဏ္ဍာနှစ်တွင် ဝဥစိုက်ပျိုးကေပေါင်း ၈၈၄၈ ကေရှိပြီး ယင်းစိုက်ပျိုးကေများတွင် ချင်းပြည် နယ်တောင်ပိုင်းဒေသဖြစ်သည့် မင်းတပ်ခရိုင် တွင် ဝဥစိုက်ကေ ၇၁၀၇ ကေ၊ ကန်ပက်လက် မြို့နယ်တွင် ကေ ၇၃၀၊ ဟားခါးမြို့နယ်တွင် ၆၈၈ ကေ၊ ဖလမ်းမြို့နယ်တွင် ၁၈၁ ကေနှင့် တီးတိန်မြို့နယ်တွင် ၇၁၁ ကေရှိကာ ချင်းပြည် နယ်မှ နှစ်စဉ်ဝဥအစို ပိဿာချိန်သိန်းချီထွက်ရှိသည်။

ချင်းပြည်နယ်ထွက် ဝဥများကို ယခင်က သဘာဝတောတောင်များအတွင်းမှ လိုက်လံ ရှာဖွေတူးဖော်ကြရပြီး ယခုအခါ တောတွင်းမှ မျိုးပွား၍ ကိုယ်ပိုင်စိုက်ပျိုးခြင်းများဖြင့် စနစ်တကျစိုက်ပျိုးလာကြရာ ပြည်ပဝယ်လက်များ ရောက်လာသကဲ့သို့ ပြည်တွင်းစိုက်ပျိုးရေးကုမ္ပဏီများကလည်း ဝဥစိုက်ပျိုးရေးရက်တို သင်တန်းများ ပို့ချလျက်ရှိသည်။ ချင်းပြည်နယ်မှ ကုန်ကြမ်းအဖြစ်ဝယ်ယူသည့် ဝဥများကို စားသုံးကုန်ပစ္စည်းထုတ်လုပ်ရေးလုပ်ငန်းအတွက်သာမက ဆေးဝါးထုတ်လုပ်ရေးလုပ်ငန်း၊ အလှကုန်ပစ္စည်းထုတ်လုပ်ရေးလုပ်ငန်း၊ စက္ကူ လုပ်ငန်း၊ ကော်အမျိုးမျိုး ထုတ်လုပ်ရေးလုပ်ငန်း၊ ချည်ထည်လုပ်ငန်း၊ ဆေးဆိုးပန်းရိုက်လုပ်ငန်း၊ ကမ်းလွန်ရေနံရှာဖွေရေးလုပ်ငန်း စသည်တို့တွင် စက်မှုကုန်ကြမ်းပစ္စည်းအတွက် အထူးလိုအပ်လျက်ရှိသောကြောင့် ယခုအခါ ချင်းပြည်နယ်တွင် ဝဥကိုယခင်နှစ်များကထက် ပိုမိုတိုးချဲ့စိုက်ပျိုးလျက်ရှိကြောင်းသိရသည်။

**Source:** https://myanmar.mmtimes.com/news/126914.html? fbclid=IwAR1SpDe5JeDJttdh D1lq446YLGuSvkFN xoJGAy9Fd McxzO Cdu5YWPaY6C68

## ဥရောပတွင် တရုတ်ရင်းနှီးမြှုပ်နှံမှုကျဆင်း

၂၀၁၉ ခုနှစ်၏ ပထမနှစ်ဝက်တွင် ဥရောပ၌ တရုတ်နိုင်ငံမှ ကုမ္ပဏီများ၏ရင်းနှီးမြှုပ်နှံမှုမှာ အမေရိကန်ဒေါ်လာ ၂.၄ ဘီလီယံ (ယူရို ၂.၁ ဘီလီယံ) ရှိခဲ့ပြီး၊ ၂၀၁၈ ခုနှစ်၏ ပထမနှစ်ဝက်ဖြစ်သည့် ဇန်နဝါရီလမှ ဇွန်လအထိ ရင်းနှီးမြှုပ်နှံမှု ပမာဏထက် ၈၄ ရာခိုင်နှုန်းလျော့နည်းခဲ့ကြောင်း EY စီးပွားရေးအကြံပေးလုပ်ငန်း (EY economic consultancy) ၏ လေ့လာချက်အား ကိုးကားလျက် ဘရပ်ဆဲလ်တိုင်းမ်သတင်းဌာန၏ ၁၂.၈.၂၀၁၉ နေ့တွင် သတင်းထုတ်ပြန်ချက်အရ သိရှိရပါသည်။ ၂၀၁၉ ခုနှစ်၏ ပထမနှစ် ဝက်တွင် တရုတ်နိုင်ငံမှ စီးပွားရေးလုပ်ငန်းများသည် ဥရောပစီးပွားရေး လုပ်ငန်း(၈၁)ခုထံသို့ ၎င်းတို့၏ ရင်းနှီးမြှုပ်နှံမှုများပြုလုပ်ခဲ့ကြပြီး၊ အဆိုပါအရေအတွက်မှာ ၂၈ ရာခိုင်နှုန်းကျဆင်းခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းသို့အီးယူ၌ တရုတ်စီးပွားရေးလုပ်ငန်းများ၏ ရင်းနှီးမြှုပ်နှံမှု အရေအတွက်ကျဆင်းခဲ့ခြင်း၏ အကျိုးဆက်အနေဖြင့် ၂၀၁၈ ခုနှစ်၊ ပထမနှစ်ဝက်နှင့်နှိုင်းယှဉ်ပါက များစွာကျဆင်းခဲ့ပြီး ၂၀၁၉ ခုနှစ်၏ ပထမနှစ်ဝက်တွင် ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၂.၄ ဘီလီယံဒေါ်လာသာရှိခဲ့ကြောင်းသိရှိရပါသည်။ ဥရောပ၌ တရုတ်စီးပွားရေးလုပ်ငန်းများ၏ ရင်းနှီးမြှုပ်နှံမှုကျဆင်းခဲ့ရခြင်း၏ အဓိကအကြောင်းရင်းမှာ အမေရိကန်ပြည်ထောင်စုနှင့် တရုတ်နိုင်ငံအကြား အရှိန်မြင့်တက်နေသည့် ကုန်သွယ်ရေးစစ်ပွဲကြောင့်ဖြစ်ကြောင်း၊ ထို့အပြင် ဥရောပ၌ ရင်းနှီးမြှုပ်နှံနေကြသည့် တရုတ်စီးပွားရေး လုပ်ငန်းများအနေဖြင့် ၎င်းတို့၏ ရှယ်ယာပိုင်ဆိုင်မှုများကို ရောင်းချခြင်းများပင် ပြုလုပ်နေကြကြောင်းလည်းသိရပါသည်။

တရုတ်နိုင်ငံ ၊ State Grid Corporation of China (SGCC) နှင့် ပတ်သက်၍ ဂျာမနီနိုင်ငံအစိုးရ၏ ဆုံးဖြတ်ချက်ကြောင့် တရုတ်ရင်းနှီးမြှုပ်နှံသူများသည် ဥရောပတွင် ယုံကြည်မှုလျော့နည်းလာခြင်းကို ရင်ဆိုင်ရဖွယ်ရှိနေကြောင်း၊ အကျိုးဆက်အနေဖြင့် တရုတ်နိုင်ငံမှ ကုမ္ပဏီများအနေဖြင့် ကြီးမားသော ရှယ်ယာဝယ်ယူမှုများ လျော့နည်းလာလျက်ရှိနေကြောင်း သိရှိရပါသည်။ ၂၀၁၆ ခုနှစ်တွင် ဥရောပ၌တရုတ်နိုင်ငံမှ စီးပွားရေးလုပ်ငန်းများ၏ ရင်းနှီးမြှုပ်နှံမှုမှာ အမေရိကန်ဒေါ်လာ ၈၅ ဘီလီယံ ဖြင့်ထိပ်တန်းတွင်ရှိခဲ့ကြောင်း သိရပါသည်။ သို့သော်လည်း တရုတ်နိုင်ငံနှင့် အမေရိကန်နိုင်ငံတို့အကြား ကုန်သွယ်ရေးစစ်ပွဲအဆုံးသတ်နိုင်ခဲ့ပြီး၊ စီးပွားရေးတိုးတက်မှုကို ပြန်လည်ရရှိခဲ့ပါက တရုတ်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအနေဖြင့် ပြန်လည်တိုးတက်လာမည်ဟု EY စီးပွားရေးအကြံပေးလုပ်ငန်းအနေဖြင့် ယုံကြည်ထားကြောင်း အဆိုပါသတင်းက ဖော်ပြထားပါသည်။

**Source:** https://www.brusselstimes.com

**စီးပွားရေးသံမှူး-ဘရပ်ဆဲလ်**

## အမေရိကန်အခွန်အကောက်သစ်တွေကြောင့် အရှေ့တောင်အာရှရဲ့ ပို့ကုန်လုပ်ငန်းတိုးတက်ရန်ရှိ

မကြာသေးခင်က ထုတ်ပြန်ထားတဲ့အတိုင်း တရုတ်အပေါ်နောက်ထပ် အခွန်အကောက်တွေ အမေရိကန်က ချမှတ်မယ်ဆိုပါက အရှေ့တောင်အာရှဒေသအနေနဲ့ ပို့ကုန်ပိုင်းမှာ တိုးတက်မှုတစ်ရပ် ရရှိခံစားရဖွယ်ရှိတယ်လို့သိရပါတယ်။ လက်ရှိမှာလည်း ကုမ္ပဏီအများအပြားဟာ မြင့်မားတဲ့အခွန်နှုန်းထားတွေရှောင်နိုင်ဖို့အလို့ငှာ ယင်းဒေသမှာ ထုတ်လုပ်မှုတွေ၊ တင်ပို့မှုတွေကို ပြောင်းလဲလုပ်ကိုင်လာနေလျက်ရှိပါတယ်။ လာမယ့် စက်တင်ဘာ ၁ ရက်ကစလို့ တရုတ်ထုတ်ကုန်ပစ္စည်း ကန်ဒေါ်လာ ၃၀၀ ဘီလီယံဖိုးအပေါ် အခွန် ၁၀ ရာခိုင်နှုန်း ကောက်ခံမယ်လို့ အမေရိကန် သမ္မတ Donald Trump က ဩဂုတ် ၁ ရက်မှာ ကြေညာထားခဲ့ပါတယ်။ ယင်းအခွန်အကောက်သစ်ကြောင့် အဝတ်အစား၊ ဖိနပ်စတာတို့အပါအဝင် လူသုံးကုန်ပစ္စည်းအများအပြားအပေါ် ထိခိုက်စေမယ်လို့မျှော်လင့်ရပါတယ်။

ယင်းအပြင် ယခုအခွန်အကောက်သစ်ကြောင့် တရုတ်ကုန်စည်တင်ပို့မှုပိုင်း လျော့ချဖွယ်ရှိနေရာကနေ အရှေ့တောင်အာရှလုပ်ငန်းတွေအတွက်ကတော့ အခွင့်အလမ်းကြီးတွေတွေ့မြင်ရဖို့ရှိတယ်လို့သိရပါတယ်။ အမေရိကန်ရဲ့ အခွန်အကောက်သစ်တွေ ကောက်ခံမယ့်နောက်ပိုင်းမှာ အင်ဒိုနီးရှားအနေနဲ့ အမေရိကန်ဆီအထည်အလိပ်နဲ့အဝတ်အစား ပို့ကုန်တင်ပို့မှုပိုင်း တိုးတက်အားကောင်းမယ်လို့ မျှော်လင့်ရပါတယ်ဆိုပြီး အင်ဒိုနီးရှားအထည်ချုပ် လုပ်ငန်းအသင်းအဖွဲ့ရဲ့ ဥက္ကဋ္ဌ Ade Sudrajat က ပြောပါတယ်။ ဒါ့အပြင်ယင်းအခွန်သစ်တွေ အသက်ဝင်လာပါက အမေရိကန်ဆီ ထိုင်းရဲ့စားသောက်ကုန်တင်ပို့မှုပိုင်း သိသိသာသာမြင့်တက်မယ်လို့မျှော်လင့်ကြောင်း ထိုင်းကုန်သွယ်ရေးဝန်ကြီးဌာနရဲ့ ကုန်သွယ်မှုမူဝါဒနဲ့ မဟာဗျူဟာရုံးအကြီးအကဲ Pimchanok Vonkorporn က ပြောသွားပါတယ်။ အလားတူ ယမန်နှစ်က အမေရိကန်က တရုတ်အပေါ် အခွန်တွေချမှတ်ပြီး နောက်ပိုင်းကတည်းက အရှေ့တောင်အာရှနိုင်ငံအများအပြားအနေနဲ့ အမေရိကန်ဆီ ပို့ကုန်တင်ပို့မှုပိုင်းမှာ တိုးတက်မှုတွေ ရရှိထားတယ်လို့သိရပါတယ်။

**Source:** https://asia.nikkei.com/.../Southeast-Asia-poised-for-export-...

SFJ Strategy First Journal

## သကြားဈေးနှုန်းမှာ ၁၀ နှစ်အတွင်း အနိမ့်ဆုံးသို့ရောက်ရှိ

ပြည်တွင်း သကြားဈေးနှုန်းမှာ ၁၀ နှစ်အတွင်း အနိမ့်ဆုံးဈေးနှုန်းသို့ ရောက်ရှိနေကြောင်း မြန်မာနိုင်ငံသကြားနှင့်ကြံထွက်ပစ္စည်း လုပ်ငန်းရှင်များအသင်းထံမှ သတင်းရရှိသည်။ ယခင်နှစ် အစပိုင်းက သကြားဈေးနှုန်းမှာ တစ်ပိဿာလျှင် ၁,၀၀၀ ကျပ်အထက်ရှိခဲ့သော်လည်း၊ လက်ရှိတွင် ပြည်တွင်းသကြားဈေးနှုန်းမှာ တစ်ပိဿာလျှင် ၉၆၀ ကျပ်သို့ ကျဆင်းသွားကြောင်းသိရသည်။ သကြားဈေးနှုန်းကျဆင်းလာတဲ့အတွက် ကြံစိုက်တောင်သူ အရေအတွက်ပါ လျော့ကျလာနိုင်တယ်။ အခုအချိန်မှာ သကြားဈေးက ၁၀ နှစ်အတွင်း အနိမ်ဆုံးလို့ပြောရတယ်ဟု အသင်းဒုဥက္ကဌ ဦးဝင်းဌေးက ပြောသည်။

လက်ရှိအချိန်တွင် ပြည်တွင်းသကြားဈေး ကျဆင်းလာသည့်အပြင် ပြီးခဲ့သည့် ၂၀၁၈ ခုနှစ်မှစပြီး တရုတ်နိုင်ငံမှ သကြားဝယ်ယူမှု မရှိခြင်းကြောင့် ပြည်တွင်း၌ သကြားတန်ချိန် အများအပြားကျန်ရှိနေကြောင်းသိရသည်။ ထိုကဲ့သို့ ပြည်တွင်း၌ သကြားလက်ကျန်များရှိနေခြင်းကြောင့် သကြားစက်ရုံများမှ ကြံဈေးနှုန်းကို လျော့ချဝယ်ယူလာသည့်အတွက် တောင်သူများ ထိခိုက်လာကြောင်း ကန့်ဘလူမြို့မှ ကြံစိုက်တောင်သူ ဦးစိုးမြင့်ကပြောသည်။ အခုလောလောဆယ်တောင်ကြံတစ်တန်ကို ၄၀၀၀၀ ဝန်းကျင်လောက်ပေးနေတာ၊ အခုလို သကြားဈေးကျရင် တောင်သူတွေ ကြံမစိုက်ရုံပဲရှိတော့တယ် ဟု ဦးစိုးမြင့်ကပြောသည်။

**Source:**https://www.facebook.com/amiamyanmar

## တရုတ်သွင်းကုန်တွေအပေါ် အခွန်သစ်စည်းကြပ်မှု ကန်ရွှေ့ဆိုင်း

တရုတ်က အဓိကတင်ပို့မယ့် လူသုံးကုန်ပစ္စည်းတွေအပေါ် အကောက်ခွန်အသစ် ၁၀% စည်းကြပ်မှုကို ဆိုင်းငံ့မှာဖြစ်ကြောင်း အမေရိကန်ပြည်ထောင်စုက အင်္ဂါနေ့ကကြေညာခဲ့ပါတယ်။ စက်တင်ဘာလ (၁)ရက်နေ့က စတင် အခွန်စည်းကြပ်ဖို့ သမ္မတ Donald Trump က ရက်သတ်မှတ်ခဲ့တာကို အခုလိုရွှေ့ဆိုင်းလိုက်တာဖြစ်ပါတယ်။ အမေရိကန်ကုန်သွယ်ရေး ကိုယ်စားလှယ်အဖွဲ့ရုံးရဲ့ ထုတ်ပြန်ချက်အရ အခွန်စည်းကြပ်မယ့် ကုန်ပစ္စည်းတွေဟာ laptop ကွန်ပြူတာတွေ၊ ကွန်ပြူတာ မော်နီတာတွေ၊ ဆဲလ်ဖုန်းတွေ၊ ဗွီဒီယိုဂိမ်း ကစားတဲ့ စက်တွေ၊ တချို့ ကလေးကစားစရာ အရုပ်တွေ၊ ဖိနပ်တွေနဲ့ အဝတ်အထည်တွေအပေါ် အခွန်စည်းကြပ်မှုကို ဒီဇင်ဘာလ ၁၅ ရက်နေ့ထိ ရွှေ့ဆိုင်းထားတယ်လို့ ဖော်ပြထားပါတယ်။ ဒါ့အပြင် တရုတ်ကနေ အမေရိကန်ကိုတင်ပို့ကုန်တွေဖြစ်တဲ့ ကျန်းမာရေး၊ အမျိုးသားလုံခြုံရေးနဲ့ အခြား အချက်အလက်တွေအပေါ်မှာမူတည်ပြီး သီးခြားကုန်စည်တွေအပေါ် အခွန်ကင်းလွတ်ခွင့်လုံးဝပေးထားတယ်လို့လည်း အမေရိကန်ရဲ့ကြေညာချက်မှာ ဖော်ပြထားပါတယ်။

ဒါပေမဲ့ တရုတ်တင်ပို့ကုန် အတော်များများအပေါ် အခွန်အသစ်တွေ စည်းကြပ်ဖို့ရှိပြီး ဒီကုန်စည်တွေနဲ့ ပတ်သက်တဲ့ စာရင်းကို မကြာမီကြေညာဖို့ရှိတယ်လို့လည်း အမေရိကန်သွယ်ရေး ကိုယ်စားလှယ်အဖွဲ့ရုံးကပြောပါတယ်။ အခုလို အခွန်စည်းကြပ်မှု ဆိုင်းငံ့လိုက်တာကြောင့် ရက်ပိုင်းများစွာ ကျဆင်းနေတဲ့ stock ဈေးနှုန်းတွေထိုးတက်လာပြီး နယူးရောက် stock ဈေးကွက်တွေမှာ ၁.၅% ဒါမှမဟုတ် ဒီထက်ပိုပြီး မြင့်တက်ခဲ့ပါတယ်။ နယူးဂျာစီမှာ အမေရိကန်သမ္မတ Trupm အပန်းဖြေနေစဉ် အခုလို အခွန်ငွေ စည်းကြပ်မှုနဲ့ ပတ်သက်လို့ အပြောင်းအလဲတွေကို ထုတ်ပြန်ကြေညာခဲ့တာဖြစ်ပါတယ်။

**Source: VOA Burmese News**

https://www.facebook.com/kope.aung

## ဂယ်လိုအားများနေ၍ ကြက်သွန်ပျိုးဥဈေးနှုန်း နှစ်ဆခန့်ဖြစ်လာ

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ်နှင့်မြို့သစ်မြို့နယ်များမှ တောင်သူများမှာ မိုးရာသီကုန်စတွင် စိုက်ပျိုးနိုင်ရန်အတွက် ကြက်သွန်နီပျိုးဥများကို အများအပြားကြိုတင်ဝယ်ယူစုဆောင်းနေသဖြင့် ဂယ်လိုအားကောင်းလာကာ ဈေးနှုန်းများမှာ ယခင်နှစ်ကထက် နှစ်ဆအထိဖြစ်လာကြောင်းသိရသည်။ ယခင်နှစ်များက ကြက်သွန်စိုက်ပျိုးရာတွင် အကျိုးအမြတ်ရခဲ့သဖြင့် ယခုနှစ်တွင်လည်း ရာသီချိန်အမီ စိုက်ပျိုးနိုင်ရန်နှင့် စိုက်ပျိုးချိန်တွင် ကြက်သွန်ပျိုးဥမရရှိမည်ကို စိုးရိမ်သဖြင့် ကြိုတင်ဂယ်ယူစုစောင်းထားကြခြင်းဖြစ်သည်။

တောင်သူတစ်ဦးလျှင် ပိဿာ ၁၀၀ ကျော်မှ ၃၅၀ အထိ ဂယ်နေကြကြောင်း မြို့သစ်မြို့နယ် မထွဲကျေးရွာမှ တောင်သူတစ်ဦးကပြောသည်။ အရင်နှစ်တွေက ကြက်သွန်နီစစိုက်တယ်။ အောင်မြင်ဖြစ်ထွန်းလို့ အကျိုးအမြတ်တော်

တော်  ရလိုက်တယ်။ မနှစ်က ကြက်သွန်နီပျိုးဥတစ်ပိဿာ ၁၂၅၀ ကျပ်ပေးဝယ်စိုက်ရတယ်။ ဒီနှစ်မှာတော့ မျိုးဥဈေးက ထက်ဝက် တက်ဝယ်ရတယ်။တစ်ပိဿာ ၂၅၀၀ ကျပ်ပေးဝယ်ရတယ်။ စိုက်ပျိုးချိန်မရောက်ခင် ကြိုတင်မှာပြီးဝယ်တာတောင် လိုသလောက်မှာမရဘူး။ စိုက်ချိန်ပျိုးချိန် မျိုးဈေးဘယ်လောက်ဖြစ်မယ်တော့ မပြောတတ်သေးဘူး။ စိုက်ပျိုးချိန်မှာ ခန့်မှန်းဈေးပြောရရင် တစ်ပိဿာ ၃၀၀၀ ကနေ ၃၅၀၀ ကျပ်အထိဖြစ်နိုင်တယ်။ ကြက်သွန်နီမျိုးစေ့တော့ရှိတယ်ဟု မြို့သစ်မြို့နယ်မှကြက်သွန်စိုက်တောင်သူ ဒေါ်စန်းကပြောသည်။ မိုးရာသီကုန်စ ဆောင်းရာသီအဝင်ဖြစ်သည့် သီတင်းကျွတ် လပြည့်ကျော်မှ တန်ဆောင်မုန်းလဆန်းအတွင်း၌ အသင့်စိုက်ပျိုးနိုင်ရန်အတွက် ဖွန်လမှစ၍ ဇူလိုင်လထဲတွင် ဝယ်ယူ စုဆောင်းထားသည့် ကြက်သွန်နီမျိုးဥများသည် စိုက်ပျိုးချိန်ရောက်သည်အထိ ပိဿာချိန်မလျော့သည့်အတွက် ကြိုတင် ဝယ်ယူခြင်းလည်းဖြစ်ကြောင်း ၎င်းကပြောသည်။ ကြက်သွန်နီမျိုးဥများကို တောင်တွင်းကြီးမြို့နယ် ညောင်ကုန်း၊ ရန်ပယ်ခွ ကျေးရွာများမှတောင်သူများ၊ မြို့သစ်မြို့နယ်အိုင်သာ၊ ညောင်စင်၊ နင်းကြမ်းကန်နီ၊ သဖန်းကုန်း၊ လင်းလယ်နှင့် မထွဲ၊ စလယ်ကျေးရွာများမှ ယင်းချောင်းတလျှောက်ရှိ ပန်တော်ရိုး လယ်မြေ (ခေါ်)အတိမ်မြေများ၌ ၂၀၁၅ ခုနှစ်မှစတင်၍ စမ်းသပ်စိုက်းပျိုးရာ အကျိုးအမြတ်များရရှိသဖြင့် ယခုနှစ်တွင် တိုးချဲ့စိုက်ပျိုးရန်ပြင်ဆင်နေကြသည်။

တောင်တွင်းကြီးနှင့်မြို့သစ်မြို့နယ်များရှိ ကျေးရွာတစ်ရွာလျှင်တောင်သူဦးရေ ၁၀၀မှ ၂၀၀ကျော်အထိ ကြက်သွန်နီ စိုက်ပျိုးကြောင်း၊ ယင်းကွေ့ချောင်းတစ်လျှောက်ရှိ တိမ်ကောသည့်လယ်မြေများတွင် စိုက်ပျိုးကြရာ ပိဿချိန်တစ်ရာ စိုက်လျှင် ပိဿာချိန် ၃၅၀ မှ ၄၀၀အထိရကြကြောင်း မထွဲကျေးရွာမှ တောင်သူတစ်ဦးထံမှသိရသည်။ ဆိပ်ဖြူမြို့နယ်တွင် ဖွန်လ ၂၀ ရက်နေ့၌ကုန်စည်ဒိုင်ဖြတ်ဈေးနှုန်းများအရ ကြက်သွန်နီရှယ်တစ်ပိဿာလျှင် ၁၁၅၀ ကျပ်၊ အလတ်စ ၁၁၀၀ကျပ်၊ ဂွန်တစ်ပိဿ ၁၀၅၀ ကျပ်မှ ၁၀၇၅ကျပ်၊ ကြုံးချိန် ၉၅၀ ကျပ်ဖြစ်ကြောင်းနှင့် ကြက်သွန်နီမျိုးဥ တစ်ပိဿာလျှင် ၂၀၀၀ ကျပ်ရှိပြီး ဆိပ်ဖြူမြို့မှမြို့သစ်၊တောင်တွင်းကြီးအထိ လုပ်သားခစရိတ် ကားခစရိတ်များကြောင့် မျိုးဥတစ်ပိဿာ ၂၅၀၀ ကျပ်အထိဖြစ်ကြောင်း ကြက်သွန်ကုန်သည်တစ်ဦးထံမှသိရသည်။

**Source: The Farmer Media**

https://www.facebook.com/myanmaawba/posts/1993337440726720?__tn__=K-R

## ဂျပန်သို့ မြန်မာ့ကျောက်မျက်ရတနာ ရွှေထည်အမျိုးအစား ၄၅၀ ခန့် တင်ပို့နေ

ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်း (YGEA) အနေဖြင့် လက်ရှိတွင် Taw Win Myint Ruby Trading Co.,Ltd နှင့်ချိတ်ဆက်၍ မြန်မာ့ကျောက်မျက်ရတနာရွှေထည်ပစ္စည်းအမျိုးအစား ၄၅၀ ခန့် ဂျပန်နိုင်ငံသို့တင်ပို့လျက် ရှိကြောင်း YGEA အသင်းဥက္ကဋ္ဌ ဦးမျိုးမြင့်ကပြောဆိုသည်။ ဩဂုတ် ၇ ရက်က ပြုလုပ်သည့် YGEA အသင်း၏ အထူးအလုပ် အမှုဆောင်အစည်းအဝေးတွင် ၎င်းကယင်းသို့ပြောဆိုခဲ့ခြင်းဖြစ်သည်။

အဲဒီ ၄၅၀ က ပြည်တွင်းကနေ ဂျပန်ကိုပို့တာ။ လက်စွပ်လေးတွေ၊ နဂါးရုပ်လေးတွေ၊ ကျားရုပ်လေးတွေ၊ တရုတ် အယူအဆ ၊ ဂျပန်အယူအဆ မြန်မာမှာလည်းရှိပါတယ်။ ပြိုဟ်ပြေနံ့ပြေ ဝတ်တာလေးတွေ တင်ပို့နေတာပါဟု ဦးမျိုးမြင့်က ပြောဆိုသည်။ ယင်းသို့ တင်ပို့ခြင်းကို ပြီးခဲ့သည့် ဇူလိုင်လမှစတင်၍ လုပ်ဆောင်ခဲ့ခြင်းဖြစ်ကာ ဩဂုတ်လတွင် ဒုတိယအကြိမ် တင်ပို့ပြီးဖြစ်ကြောင်း ဦးမျိုးမြင့်ကပြောဆိုသည်။

**Source:** http://sdtimedaily.com/2019/08/12/zm05-18/

## အမေရိကန်-မြန်မာ စီးပွားရေးထိတွေ့ဆက်ဆံမှုများတိုးမြှင့်ရေး ကန်လက်ထောက်နိုင်ငံခြားရေးဝန်ကြီး မြန်မာပြည်လာမည်

အမေရိကန်-မြန်မာ စီးပွားရေး ထိတွေ့ဆက်ဆံမှုများတိုးမြှင့်ရေး အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန၊ စီးပွားရေးနှင့် စီးပွားရေးလုပ်ငန်းများဆိုင်ရာ လက်ထောက်နိုင်ငံခြားရေးဝန်ကြီး မနီရှာဆင်းသည် ဩဂုတ် ၁၆ ရက်မှ ၂၁ ရက်အထိ မြန်မာနိုင်ငံသို့ လာရောက်မည်ဖြစ်သည်။ အထက်ပါ ကန်လက်ထောက်နိုင်ငံခြားရေးဝန်ကြီး၏ ခရီးစဉ်အတွင်း နှစ်နိုင်ငံကြား စီးပွားထိတွေ့ဆက်ဆံမှုများတိုးမြှင့်ရေး အစိုးရတာဝန်ရှိပုဂ္ဂိုလ်များ၊ စီးပွားရေးထိပ်သီးပုဂ္ဂိုလ်များ၊ နည်းပညာဆိုင်ရာ စွန့်ဦးတီထွင်သူများနှင့်တွေ့ဆုံမည်ဖြစ်ကြောင်း အမေရိကန်သံရုံးက ယမန်နေ့တွင် ထုတ်ပြန်သည့်ကြေညာချက်၌ ဖော်ပြသည်။ ရခိုင်ပြည်နယ် မြောက်ပိုင်းအရေးနှင့် ပတ်သက်၍ မြန်မာနိုင်ငံအပေါ် အနောက်နိုင်ငံကြီးများ၏ ပစ်မှတ်ထား အရေးယူမှုနှင့် စီးပွားရေးဆိုင်ရာ စောင့်ကြည့်မှုများရှိနေချိန်တွင် အမေရိကန်လက်ထောက်နိုင်ငံခြားရေးဝန်ကြီး၏ ယခု ခရီးစဉ်က မြန်မာ့စီးပွားရေးအတွက် အထောက်အပံ့ဖြစ်စေနိုင်ကြောင်း စီးပွားရေးလုပ်ငန်းရှင်အချို့ကသုံးသပ်သည်။

သူလာတဲ့အတွက်၊ တို့အတွက် နိုင်မာတဲ့ပိတ်ဆို့မှုတွေက မရှိဘူးဆိုတာ သတင်းအချက်အလက်အဖြစ် နိုင်ငံတကာ သတင်းဌာနတွေကို ပြောပြီးသားဖြစ်တာပေါ့။ ဒါကောင်းတာပေါ့ဟု မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) ဗဟိုအလုပ်အမှုဆောင် ဦးမြင့်စိုးကမှတ်ချက်ပြုသည်။

ထို့အပြင် လက်ထောက်နိုင်ငံခြားရေးဝန်ကြီးသည် အမေရိကန်သံရုံးနှင့် ဂျပန်သံရုံး၊ ဂျပန်နိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ အမေရိကန်ကုန်သည်ကြီးများအသင်း၊ မြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းတို့က ပူးတွဲကျင်းပမည့် တာဝန်ယူမှု၊ တာဝန်ခံမှုရှိသော ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ မြန်မာ-ဂျပန်-အမေရိကန် ဆွေးနွေးပွဲကို တက်ရောက်၍ အမှာစကားပြောကြားမည်ဖြစ်သည်။

**Source:** http://www.7daydaily.com/story/163575

## အညာ၌ မိုးမရွာသည့်အပြင် ရေဝတီမြစ်ရေတက်၍ ထိုင်ဝမ်ပြောင်းမစိုက်နိုင်

အညာဒေသ ရေနံချောင်းမြို့နယ်တွင် မိုးမရွာသည့်အပြင် မြစ်ရေပါတက်နေသဖြင့် ထိုင်ဝမ်ပြောင်း မစိုက်ရသေးကြောင်း ဒေသခံတောင်သူများနှင့်ပွဲစားများထံမှသိရသည်။ ရေနံချောင်းမြို့နယ် ဝက်လွတ်၊ ဝက်မစွတ်၊ မာန်မြေကျေးရွာ၊ ပင်းဝကျေးရွာ၊ ကျမ်းကိုင်ကျွန်းကျေးရွာအုပ်စုများရှိ ကျေးရွာများ၌ ထိုင်ဝမ်ပြောင်းကို ရာသီစာအဖြစ်စိုက်ပျိုးကြကာ အပိုဝင်ငွေရရှိသော်လည်း ယခုနှစ် မိုးမရွာသည့်အပြင် မြစ်ရေပါတက်သဖြင့် ထိုင်ဝမ်ပြောင်း မစိုက်ပျိုးနိုင်ခြင်းဖြစ်သည်။ နှစ်စဉ်ကတော့ ဝါခေါင်လမှာ ပြောင်းဖူးလှိုင်လှိုင်ပေါတယ်။ ဘယ်မှာကြည့်ကြည့် ဈေးမှာ၊ ကျောင်းဈေးတန်းမှာ၊ ခေါင်းရွက်ဗျပ်ထိုးကအစ လမ်းတွေမှာ ပြောင်းဖူးကိုရောင်းကြတာပါ။ ဒါပေမဲ့ ဒီနှစ်မှာတော့ ပြောင်းဖူးအဝင်နည်းသွားတယ်။ ယခင်နှစ်ကာလတုက တစ်ရက်ကို ပြောင်းဖူးတင်တဲ့ မော်တော်သုံးစင်းဝင်တယ်။ ဈေးကွက်မှာ လက်ကားရယ်၊ လက်လီသမားတွေရယ်တွက်ခြေကိုက်ကြတယ်။ ယခုတစ်ပတ်တော့ ထိုင်ဝမ်ပြောင်းဖူးက တစ်နေ့စက်လှေတစ်စင်းပဲဝင်တာပါ။ ရာသီချိန်ဖြစ်ပေမယ့် ပြောင်းဖူးမဝင်ဘဲဖြစ်နေတာဟု ရေနံချောင်းမြို့ ပြောင်းဖူးပွဲစား ဒေါ်စိန်ကပြောဆိုသည်။

နှစ်စဉ် တောင်သူတစ်ဦးလျှင် ထိုင်ဝမ်ပြောင်းကို သုံးဧကမှငါးဧကအထိ အတန်းလိုက်စနစ်ဖြင့် စိုက်ပျိုးကြပြီး ပြောင်းဖူးကနေ တောင်သူတစ်ဦးလျှင် ကျပ်နှစ်သိန်းမှကျပ်သုံးသိန်းအထိ အပိုဝင်ငွေရရှိကြောင်းသိရသည်။ ရေနံချောင်းမြို့နယ်ရှိ ထိုင်ဝမ်ပြောင်းစိုက်သည့်တောင်သူ ဦးသန်းက မိုးကလည်းမရွာဘူး။ ရေသွင်းစိုက်ရအောင်ကလည်း ရေဝတီ မြစ်ရေတက်နေတာဆိုတော့ စိုက်မရသေးဘူး။ မိသားစုဝင်ငွေလျော့တယ်။ နောက်ပြီး ဒီမှာက နှမ်းတွေစိုက်ပြီး ပျက်စီးနေတာဆိုတော့ မစိုက်ရဲသေးဘူးဟုပြောဆိုသည်။ ရေနံချောင်းမြို့နယ်တွင် ဖူးစားပြောင်းကို ယခု်နှစ်၌ ဧက ၈၀၀၀ ကျော်စိုက်ပျိုးရန် လျာထားဆောင်ရွက်လျက်ရှိကြောင်း ရေနံချောင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနကသိရသည်။

**Source:** https://myanmar.mmtimes.com/news/126919.html

## လက်ရှိဘဏ္ဍာနှစ် ၁၀ လကျော်တွင် ဆန်နှင့်ဆန်ကွဲတန်ချိန် ၁ ဒသမ ၉၇ သန်းကျော် တင်ပို့မှုမှ ဒေါ်လာသန်း ၆၀၀ ခန့် ရရှိခဲ့သော်လည်း ယခင်နှစ်ထက် တင်ပို့မှုတန်ချိန် ၈၂၀၀၀၀ ကျော်လျော့ကျပြီး ဝင်ငွေဒေါ်လာ သန်း ၃၅၀ ကျော် လျော့ကျ



လက်ရှိဘဏ္ဍာနှစ် ၁၀ လကျော်တွင် ပြည်ပသို့ ဆန်နှင့်ဆန်ကွဲ တန်ချိန် ၁ ဒသမ ၉၇ သန်းကျော်တင်ပို့မှုမှ ဒေါ်လာသန်း ၆၀၀ ခန့်ရရှိထားပြီး ယခင်နှစ် ကာလတူထက် တင်ပို့မှုတန်ချိန် ၈၂၀၀၀၀ ကျော် လျော့ကျခဲ့ပြီး ဝင်ငွေဒေါ်လာ သန်း ၃၅၀ ကျော်လျော့ကျခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် အောက်တိုဘာ ၁ ရက်မှ ဩဂုတ် ၂ ရက်အထိ ပြည်ပသို့ဆန်နှင့်ဆန်ကွဲတန်ချိန် ၁ ဒသမ ၉၇၈ သန်း တင်ပို့ထားပြီး ဝင်ငွေအမေရိကန်ဒေါ်လာ ၅၉၇ ဒသမ ၃၆၉ သန်း ရရှိထားသည်။ ယခင်နှစ်ကာလတူတွင်မူ တန်ချိန် ၂ ဒသမ ၈၀၁ သန်း တင်ပို့ထားပြီး ဝင်ငွေအမေရိကန်ဒေါ်လာ ၉၅၀ ဒသမ ၆၆၁ သန်း ရရှိထားခြင်း ဖြစ်သည်။ မနှစ်ကထက် ဒီနှစ်မှာ ဆန်နဲ့ဆန်ကွဲ စုစုပေါင်းတင်ပို့မှုမှာ တန်ချိန်ကတော့ ၈၂၂၉၀၄ ဒသမ ၁၉၇ သန်း လျော့ကျတာပေါ့။ ဝင်ငွေမှာက ဒေါ်လာ ၃၅၃ ဒသမ ၀၂၂ သန်း ပြီးခဲ့တဲ့နှစ်ကထက် လျော့ကျတယ်ဟု စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေး ဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးကဆိုသည်။

မြန်မာနိုင်ငံမှဆန်ကို ပြည်ပတင်ပို့ရာ၌ ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ အီးယူဈေးကွက်၊ အာဖရိကဈေးကွက်သို့

တင်ပို့လျက်ရှိပြီး မူဆယ်နယ်စပ်မှတစ်ဆင့် တရုတ်နိုင်ငံသို့ အဓိကတင်ပို့နေခြင်းဖြစ်သည်။ ပြီးခဲ့သည့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း ဈေးကွက်သစ်များ တိုးချဲ့တင်ပို့နိုင်ခြင်းကြောင့် ပြည်ပသို့ မြန်မာ့ဆန် တန်ချိန် ၃ ဒသမ ၆ သန်းနီးပါး တင်ပို့နိုင်ခဲ့ပြီး နှစ်ပေါင်း ၅၀ ကျော်အတွင်း စံချိန်တင်တင်ပို့နိုင်ခဲ့ခြင်းဖြစ်သည်။ လက်ရှိဘဏ္ဍာနှစ်တွင် အဓိကဆန်တင်ပို့မှု ဈေးကွက်ဖြစ်သည့် တရုတ်နှင့်အီးယူနိုင်ငံတို့က ဝယ်ယူမှုကျဆင်းခဲ့သဖြင့် ယခင်နှစ်များထက် ဆန်တင်ပို့မှုလျော့ကျခဲ့ခြင်းဖြစ်သည်။ ၂၀၁၉ ခုနှစ် နွေစပါးပေါ်ချိန်တွင် စပါးဈေးကျဆင်းနေခြင်းနှင့် တောင်သူများအခက်အခဲဖြစ်နေခြင်း ကိစ္စရပ်များနှင့်ပတ်သက်ပြီး မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်အနေဖြင့် ဆောင်ရွက်သင့်သောကိစ္စရပ်များ ဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းသို့ဆောင်ရွက် ရာတွင် သိုလှောင်ရုံအခက်အခဲ၊ အဆင့်အတန်းရှိသည့် စပါးများ အခြောက်ခံရန်အခက်အခဲ၊ သယ်ယူပို့ဆောင်ရေး ယာဉ်အခက်အခဲများရှိနေသဖြင့် လုပ်ငန်းတွင်ကျယ်မှု အားနည်းမှုများကိုတွေ့ရှိရကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ မေ ၁၈ ရက်ကထုတ်ပြန်ခဲ့သည်။

ထို့ပြင် မြန်မာ့ဆန်စပါးကဏ္ဍသည် နယ်စပ်မှအရောင်းအဝယ်အလွန်နည်းခြင်းနှင့် ပြည်ပတင်ပို့မှု ကျဆင်းနေကြောင်း၊ ယခုအခြေအနေသည် ပုဂ္ဂလိက သက်သက်ဖြင့်သာ ဆောင်ရွက်နိုင်ခြင်းမရှိကြောင်း ထုတ်ပြန် ထားသည်။

ယခင်က တရုတ်နိုင်ငံသို့ တရားဝင် ဆန်တင်ပို့နိုင်သည့် ကုမ္ပဏီ ၁၁ ခုသာရှိခဲ့ပြီး လက်ရှိတွင် ကုမ္ပဏီ ၄၀ ကျော်ကို ထပ်မံရွေးချယ်နိုင်ခဲ့သဖြင့် အဆိုပါကုမ္ပဏီစာရင်းများကို တရုတ်နိုင်ငံသို့ ပေးပို့ပြီးပါက တရုတ်နိုင်ငံသို့ ဆန်ပြန်လည်တင်ပို့နိုင်မည်ဖြစ်ကြောင်း ဇွန် ၂၈ ရက်က ခနော်ဖြူမြို့နယ်တွင် ပြုလုပ်ခဲ့သည့် ဧရာဝတီတိုင်းဒေသကြီးအတွင်း ရှိ တောင်သူလယ်သမားများနှင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တို့ တွေ့ဆုံပွဲတွင် တောင်သူ လယ်သမားများ၏ မေးမြန်းမှုများကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးက ပြန်လည်ဖြေကြားရာတွင် ထည့်သွင်းပြောကြားခဲ့ခြင်းဖြစ်သည်။

**Source:** https://news-eleven.com/article/128157

## ကြံမျိုးကောင်းမျိုးသန့်များ ဝယ်ယူအသုံးပြုကြမည့် တောင်သူများအား ကြံစိုက်စက်ဖြင့်အခမဲ့စိုက်ပျိုးပေးမည်



ယခုနှစ်ကုန်တွင်ရောက်ရှိလာမည့် ကြံရာသီ၌ သကြားထွက် သီးနှံဌာနခွဲအောက်ရှိ သုတေသနနှင့်မျိုးသန့်ခြံများမှထုတ်လုပ်သည့် ကြံမျိုးကောင်းမျိုးသန့်များ ဝယ်ယူအသုံးပြုမည့် တောင်သူများအား ကြံစိုက်စက်ဖြင့် အခမဲ့စိုက်ပျိုးပေးမည်ဖြစ်ကြောင်း၊ ဩဂုတ် ၈ ရက်က စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သကြားထွက်သီးနှံဌာနခွဲမှသိရသည်။ အရင်နှစ်တွေတုန်းကတော့ ကြံစိုက်တောင်သူတွေကို မျိုးကောင်းမျိုးသန့်တွေ ပေးနိုင်ဖို့စမ်းသပ်စိုက်ပျိုးတာတွေလုပ်တယ်။ ဒီနှစ်မှာတော့ ရရှိလာတဲ့ မျိုးကောင်းမျိုးသန့်တွေစိုက်ပျိုးဖို့ သကြားထွက်သီးနှံ ဌာနခွဲကနေဒေသအလိုက် မျိုးခင်းတွေဖော်ပေးမှာ။ တောင်သူတွေရဲ့အထွက်နှုန်းကျနေတဲ့ မျိုးဟောင်းတွေကို ပြုပြင်ပြောင်းလဲဖို့ကူညီပေးမှာ။ အဲဒီကျမှ သကြားဈေးကျတာကို အထွက်နှုန်းနဲ့ ပြန်ကာရမှာပေ့ါဟု မြန်မာနိုင်ငံသကြားနှင့်ကြံထွက် ပစ္စည်းလုပ်ငန်းရှင်များအသင်းဒုတိယဥက္ကဋ္ဌ ဦးဝင်းဌေးက ပြောဆိုသည်။ ၁၀ ဧကနှင့်အထက် မျိုးဝယ်ယူစိုက်ပျိုးသည့်တောင်သူများကို ကြံစိုက်စက်ဖြင့် အခမဲ့စိုက်ပျိုးပေးမည်ဖြစ်ပြီး (ခြံတည်ရှိရာမြို့နယ် အတွင်းသာ၊ ထွန်စက်မပါ၊ ကြံစိုက်စက်သာ) စိုက်ပျိုးသည်မှ ခုတ်သိမ်းသည်အထိကိုလည်း နည်းပညာအကူအညီပေးမည်ဖြစ်သည်။

ထို့ပြင် ကြံစိုက်ပျိုးသည့်တောင်သူများ၏ မြေနမူနာစစ်ဆေး၍ ကြံအတွက်ထည့်သွင်းရန် လိုအပ်သော မြေဩဇာနှုန်းထားများ ထောက်ခံချက်ပေးခြင်း၊ ရာသီဥတုပြောင်းလဲမှုအပေါ် သင့်လျော်သည့်စိုက်ပျိုးနည်းစနစ်ကို လက်တွေ့ပြသစိုက်ပျိုးပေးခြင်း၊ မြေဩဇာလေလွင့်မှုမရှိဘဲ အကျိုးရှိစွာအသုံးပြုနိုင်မည့် Slow release မြေဩဇာထည့်သွင်းသုံးစွဲမှုကို ပြသပေးခြင်း စသည်တို့ကိုလည်း အခမဲ့ဆောင်ရွက်ပေးမည်ဖြစ်သည်။ လာမည့် ၂၀၁၉--၂၀၂၀ ဘဏ္ဍာနှစ်အတွက် ကြံရာသီသည် ယခင်က နိုဝင်ဘာလတွင်စတင်ခဲ့သော်လည်း ယခုနောက်ပိုင်း၌ ရာသီဥတုအခြေအနေကြောင့် ဒီဇင်ဘာလတွင် စတင်မည်ဖြစ်ပြီး ဧပြီလတွင် ကြံရာသီပြီးဆုံး မည်ဖြစ်ကြောင်း ကြံစိုက်တောင်သူများထံမှသိရသည်။ သကြားသီးနှံဌာနခွဲမှ အကူအညီပေးခြင်းများနှင့် ပတ်သက်၍ သကြားထွက်သီးနှံဌာနခွဲ ရုံးချုပ် ဒေါ်ခင်မြင့်ကြယ် ဖုန်း-၀၆၇--၄၃၁၁၂၃၊ ဦးသိန်းဆွေဦး ဖုန်း-၀၆၇-၄၃၁၂၅၁ နှင့် သက်ဆိုင်ရာကြံခြံများ၊ တိုင်းဒေသကြီး၊ ပြည်နယ်စိုက်ပျိုးရေးရုံးများတွင်လည်း ဆက်သွယ်စုံစမ်းနိုင်ကြောင်းသိရသည်။

**Source:** https://myanmar.mmtimes.com/news/126933.html

## ကမ္ဘာ့ရွှေဈေးနှုန်း ၁၅၂၄ ဒေါ်လာဝန်းကျင်အထိ ဆက်တက်ခဲ့ပြီး ပြည်တွင်းရွှေဈေးနှုန်း စံချိန်သစ်ထပ်တင်ကာ အခေါက်ရွှေတစ်ကျပ်သား ကျပ် ၁၂၃၄၀၀၀ အထိ မြင့်တက်



ကမ္ဘာ့ရွှေဈေးနှုန်းသည် ဩဂုတ် ၁၃ ရက်တွင် ၁၅၂၄ ဒေါ်လာဝန်းကျင်အထိ ဆက်တက်ခဲ့ပြီး ပြည်တွင်းရွှေဈေးနှုန်း စံချိန်သစ်ထပ်တင်ခဲ့ကာ အခေါက်ရွှေတစ်ကျပ်သား ကျပ် ၁၂၃၄၀၀၀ အထိ မြင့်တက်ခဲ့ကြောင်း ရွှေရောင်းဝယ်သူများ ထံမှသိရသည်။ ၂၀၁၆ ခုနှစ်မှစ၍၂၀၁၉ ခုနှစ်အထိ ပြည်တွင်းရွှေဈေးနှုန်း စံချိန်တင်ဈေးနှုန်းများ အကြိမ်ကြိမ်ဖြစ်ပေါ်ခဲ့ကာ နှစ်အလိုက် စံချိန်တင် ဈေးနှုန်းများမှာ ၂၀၁၆ ခုနှစ် အောက်တိုဘာ ၄ ရက်တွင် ကျပ် ၉၀၃၅၀၀၊ ၂၀၁၇ ခုနှစ် စက်တင်ဘာ ၁၅ ရက်တွင် ကျပ် ၉၅၇၈၀၀၊ ၂၀၁၈ ခုနှစ် စက်တင်ဘာ ၂၀ ရက်တွင် ကျပ် ၁၀၄၇၇၀၀၊ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၂၀ ရက်တွင် ကျပ် ၁၀၈၈၅၀၀၊ ၂၀၁၉ ခုနှစ် ဇူလိုင် ၁၈ ရက်တွင် ကျပ် ၁၁၄၃၅၀၀၊ ဩဂုတ် ၁၃ ရက်တွင် ကျပ် ၁၂၃၄၀၀၀ ဖြစ်သည်။

ရွှေဈေးနှုန်းသည် ၂၀၁၆ ခုနှစ်တွင် ကျပ် ၈၀၀၀၀၀ တန်း၊ ၂၀၁၇ ခုနှစ်တွင် ကျပ် ၉၀၀၀၀၀ တန်း၊ ၂၀၁၈ ခုနှစ်တွင် ကျပ် ၁၀၀၀၀၀၀ တန်း၊ ၂၀၁၉ ခုနှစ်တွင် ကျပ် ၁၁၀၀၀၀၀ တန်းကို ကျော်လွန်လာခဲ့ပြီး လက်ရှိအချိန်တွင် ကျပ် ၁၂၂၀၀၀၀ ကျော်အထိ မြင့်တက်လာခြင်း ဖြစ်သည်။ ပြည်တွင်းရွှေဈေးနှုန်းသည် ၂၀၁၉ ခု နှစ် ဇန်နဝါရီ ၃ ရက်တွင် ၂၀၁၈ ခုနှစ် စက်တင်ဘာ ၂၀ ရက်၌ဖြစ်ပေါ်ခဲ့သော ကျပ် ၁၀၄၇၇၀၀ စံချိန်ကို ကျပ် ၁၀၄၈၅၀၀၊ ဖြင့် ကျော်ဖြတ်ခဲ့ပြီး စံချိန်သစ်များ ဆက်တိုက် တင်ခဲ့ကာ ဇန်နဝါရီ ၃၁ ရက်တွင် ကျပ် ၁၀၆၃၀၀၀ အထိ ဖြစ်ပေါ်ခဲ့သည်။ ထို့နောက် ရွှေဈေးများ ဆက်လက်မြင့်တက်ခဲ့ရာ ဖေဖော်ဝါရီ ၂၀ ရက်တွင် ကျပ် ၁၀၈၈၅၀၀ အထိ၊ ၂၀၁၉ ခုနှစ် ဇွန် ၂၀ ရက်တွင် ကျပ် ၁၁၀၁၀၀၀ အထိ၊ ဇူလိုင် ၁၁ ရက်တွင် ကျပ် ၁၁၃၆၀၀၀ အထိ၊ ဇူလိုင် ၂၅ ရက်တွင် ကျပ် ၁၁၅၀၀၀၀ အထိမြင့်တက်ခဲ့ ဩဂုတ် ၂ ရက် တွင် ကျပ် ၁၁၅၂၀၀၀ ဖြင့် စံချိန်ချိုးခဲ့ပြီး ဩဂုတ် ၃ ရက်တွင် ကျပ် ၁၁၅၄၉၀၀၊ ဩဂုတ် ၅ ရက်တွင် ကျပ် ၁၁၆၇၀၀၊ ဩဂုတ် ၆ ရက် တွင် ကျပ် ၁၁၇၃၀၀၀၊ ဩဂုတ် ၇ ရက်တွင်  ကျပ် ၁၂၀၃၀၀၀၊ ဩဂုတ် ၈ ရက်တွင် ကျပ် ၁၂၀၇၅၀၀၊ ဩဂုတ် ၉ ရက်တွင် ကျပ် ၁၂၂၅၀၀၀၊ ဩဂုတ် ၁၃ ရက်တွင် ၁၂၃၄၀၀၀ အထိ စံချိန်သစ်များတင်ခဲ့ခြင်းဖြစ်သည်။ ပြီးခဲ့သည့် ခြောက်လအတွင်း လအလိုက် အနိမ့်ဆုံးနှင့် အမြင့်ဆုံးရွှေဈေးနှုန်းများမှာ ဖေဖော်ဝါရီလအတွင်း ကျပ် ၁၀၆၁၀၀၀–၁၀၈၈၅၀၀၊ မတ်လအတွင်း ကျပ် ၁၀၄၂၅၀၀–၁၀၇၂၀၀၀၊ ဧပြီလအတွင်း ကျပ် ၁၀၃၆၀၀၀–၁၀၅၅၀၀၀၊ မေလအတွင်း ကျပ် ၁၀၃၆၀၀၀ –၁၀၅၉၀၀၀၊ ဇွန်လအတွင်း ကျပ် ၁၀၅၆၀၀၀ –၁၁၃၀၀၀၀၊ ဇူလိုင်လအတွင်း ကျပ် ၁၀၉၇၀၀၀ –၁၁၅၀၀၀၀ တို့ ဖြစ်သည်။

ကမ္ဘာ့ရွှေဈေးနှုန်းကို ပြန်ကြည့်ပါက ၂၀၁၇ ခုနှစ်ဧပြီလမှစ၍ အတက်အဆင်းကြမ်းလျက်ရှိပြီး လတစ်လအတွင်း အမြင့်ဆုံးနှင့် အနိမ့်ဆုံးနှုန်းသည် ဒေါ်လာ ၃၀ ခန့်မှ ဒေါ်လာ ၇၀ ခန့်အထိ ကွာခြားခဲ့သည်။ လအလိုက်ဖြစ်ပေါ်ခဲ့သော အနိမ့်ဆုံးနှင့်အမြင့် ဆုံးကမ္ဘာ့ရွှေဈေးနှုန်းများမှာ ၂၀၁၉ ခု နှစ် ဇန်နဝါရီတွင် ၁၂၇၈–၁၃၂၅ ဒေါ်လာ၊ ဖေဖော်ဝါရီတွင် ၁၃၀၇–၁၃၄၃ ဒေါ်လာ၊ မတ် တွင် ၁၂၉၂– ၁၃၂၂ ဒေါ်လာ၊ ဧပြီတွင် ၁၂၆၉–၁၃၀၉ ဒေါ်လာ၊ မေတွင် ၁၂၇၀–၁၃၀၆ ဒေါ်လာ၊ ဇွန်တွင် ၁၃၀၅–၁၄၂၃ ဒေါ် လာ၊ ဇူလိုင်တွင် ၁၃၈၂–၁၄၄၅ ဝန်းကျင်ဖြစ်ပေါ်ခဲ့ပြီး ကွာဟချက် ဒေါ်လာ ၃၀ ဝန်းကျင်မှ ဒေါ်လာ ၁၀၀ ကျော်အထိ ရှိခဲ့သည်။

**Source:** https://news-eleven.com/article/128137

## STOCK EXCHANGE (14.8.2019)

YANGON STOCK EXCHANGE

Search...

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 14th Aug. 2019

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 11,500 | -500 | -4.17% | 11,500 | 12,000 | 11,500 | 4,939 | 57,598,500 | 27,112,747 | 311,797 |
| MTSH | 00002 | 3,650 | +100 | +2.82% | 3,600 | 3,700 | 3,600 | 8,584 | 31,593,600 | 38,929,150 | 142,091 |
| MCB | 00003 | 8,400 | +0 | +0.00% | 8,400 | 8,400 | 8,400 | 190 | 1,596,000 | 10,400,986 | 87,368 |
| FPB | 00004 | 26,500 | +500 | +1.92% | 26,000 | 26,500 | 26,000 | 713 | 18,572,000 | 2,472,053 | 65,509 |
| TMH | 00005 | 3,050 | +0 | +0.00% | 3,000 | 3,050 | 3,000 | 2,705 | 8,194,850 | 12,823,224 | 39,111 |

As of 14th Aug. 2019

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 471.68 | -6.15 | -1.29% | 468.89 | 482.10 | 468.89 | 17,131 | 117,554,950 | 5 | 645,876 |

### Index chart




# Market Overview

As of 1:00 pm, 14th Aug. 2019

| | |
|---|---|
| MYANPIX-1 | 471.68 ▼6.15 |
| Total Volume (shares) | 17,131 |
| Total Value (MMK) | 118 mil |
| Listed Company | 5 |
| Market Cap. (MMK) | 645,876 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 11,500 | ▼ 500 |
| MTSH | 00002 | 3,650 | ▲ 100 |
| MCB | 00003 | 8,400 | ▲ 0 |
| FPB | 00004 | 26,500 | ▲ 500 |
| TMH | 00005 | 3,050 | ▲ 0 |